# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# ပြည်သူ့ဝန်ထမ်းအကယ်ဒမီ
# ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ(ပုဂ္ဂလိကဝန်ထမ်း)အတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့၏ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် ၂၀၁၇ခုနှစ်၊နိုဝင်ဘာလ ၆ ရက်နေ့မှစတင်၍ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၃)ကို ဖွင့်လှစ်ပို့ချမည် ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအရာထမ်းလောင်းများနှင့်အတူ ပြင်ပပုဂ္ဂလိကဝန်ထမ်း **သင်တန်းသား (၁၅) ဦးစီ** ကိုလည်း လက်ခံသင်ကြားပေးမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ အချိန်ပြည့် (၄)လ ကြာမြင့်မည် ဖြစ်ပါသည်။

၂။ သင်တန်းတွင် စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ နိုင်ငံရေးသိပ္ပံပညာဘာသာရပ်၊ လူမှုရေးသိပ္ပံပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊အင်္ဂလိပ်စာပညာဘာသာရပ်၊သတင်းအချက်အလက်နည်းပညာနှင့်ဆက်သွယ်ရေးပညာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး **Public Private Partnership (PPP)** ကဏ္ဍအား အထောက်အကူပြုနိုင်မည်ဖြစ်၍ နိုင်ငံတော်နှင့် ကုမ္ပဏီအဖွဲ့အစည်း/ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အကျိုးကျေးဇူးများစွာရရှိမည် ဖြစ်ပါသည်။

၃။ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အမှတ်စဉ် (၃)သို့ နိုင်ငံသားပိုင် ပြင်ပ ပုဂ္ဂလိကကုမ္ပဏီ၊အဖွဲ့အစည်းများမှ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူ ပုဂ္ဂလိကဝန်ထမ်းများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်၊
(ဂ) စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် (၂) နှစ်ရှိကြောင်း သက်ဆိုင်ရာ ပြင်ပကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ထောက်ခံသူဖြစ်ရမည်၊
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်ချက်စာစောင်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဝယ်ယူနိုင်ပါသည်။ သင်တန်းဝင်ခွင့်လျှောက်လွှာတွင် မိမိတက်ရောက်လိုသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို ဖော်ပြ၍ **သတ်မှတ်စာမေးပွဲဝင်ကြေးငွေ ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)** နှင့် အတူ လျှောက်လွှာဝယ်ယူခဲ့သည့် နေရာများသို့ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့်ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်မှာ ၃-၁၀-၂၀၁၇ ရက်နေ့ ဖြစ်ပြီး သတ်မှတ်ရက်ထက် ကျော်လွန်ပေးပို့လာသည့် လျှောက်လွှာများကို စဉ်းစားပေးမည်မဟုတ်ပါ။ လျှောက်လွှာကို စာတိုက်မှတစ်ဆင့် ပေးပို့ပါက စာမေးပွဲဝင်ကြေးငွေပေးသွင်းရမည့် နည်းလမ်းကို ကြော်ငြာပါ တယ်လီဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၄- ၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၇၀၂/ လေ့ကျင့်ရေး (အဓိက) ၂၀၁၆ ဖြင့် ထုတ်ပြန်ထားသည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ ဖွင့်လှစ်သောဘွဲ့လွန်ဒီပလိုမာသင်တန်းများ (ပုဂ္ဂလိကဝန်ထမ်း) အတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ လူတွေ့စစ်ဆေးခြင်းခံယူရမည့်သူများ အမည်စာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အောက်ဖော်ပြပါ နေ့ရက်များတွင် နေပြည်တော်၌ လူတွေ့စစ်ဆေးမှုခံယူရန် အကြောင်းကြားမည် ဖြစ်ပါသည်-

| **လူတွေ့ဖြေဆိုရမည့်နေ့ရက်** | **လူတွေ့ဖြေဆိုရမည့်အချိန်** |
|---|---|
| ၁၄-၁၀-၂၀၁၇ (စနေနေ့) | ၀၉ : ၀၀ နာရီမှ ၁၆ : ၀၀နာရီ |
| ၁၅-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) | ၀၉ : ၀၀ နာရီမှ ၁၆ : ၀၀နာရီ |

၇။ လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများ၏ အမည်စာရင်းကို ၁၈-၁၀-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာပါမည်။

၈။ သင်တန်းကြေး၊နေထိုင်စားသောက်စရိတ်၊ စာမေးပွဲကြေး၊ဘွဲ့နှင်းကြေးစသည်များကို လျှောက်လွှာတင်သွင်းသူများလိုက်နာရန်ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်စာစောင်တွင် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာတက္ကသိုလ်သို့ ပေးသွင်းရပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၁၆၉၊ ၀၆၇-၄၀၉၀၅၂၊ ၀၆၇-၄၀၉၄၃၀) နှင့် ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (တယ်လီဖုန်းအမှတ်-၀၁- ၅၄၇၅၃၁)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) (တယ်လီဖုန်းအမှတ်- ၀၁-၆၂၆၀၆၇၊ လိုင်းခွဲ-၂၂၁) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)(တယ်လီဖုန်းအမှတ်- ၀၂-၅၀၂၇၄)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** နှင့် **Webportal** များဖြစ်သည့် **www.ucsb.gov.mm**နှင့်**http://ucsb. imis.com.mm** တွင်လည်းကောင်း၊ **Facebook page** ဖြစ်သည့် **Union Civil Service Board Myanmar** တွင်လည်းကောင်း ဖော်ပြထားပါသည်။